မှော်နန်း

# အနန္တသိဒ္ဓိရှင်ဝနစ်

(စာစဉ်-၁)

## (၁) ငါတကယ် သေသွားတာလား

ကောင်းကင်ယံသည် ကြည်လင်စ ပြုလာသည်။ စူးရှရှ အနွေးစီးကြောင်းကို ထုတ်လွှတ်နေသော နံနက်ခင်း၏ အလင်းရောင်မှာ ကမ္ဘာ့နယ်နိမိတ်သို့ ကျူးကျော်လာသည်။

ရောယှက် ရှုပ်ထွေးနေသော တိမ်ဖြူတိမ်ညိုတို့မှာ တဖြည်းဖြည်း ပျက်ပြယ်စ ပြုလာလေပြီ။ တောက်ပသော အလင်းရေ့ဝယ် ပိတ်ကွယ်၍မရသော အမှောင်သည် ရှုံးနိမ့်သကဲ့သို့ ...။

အားကောင်းစွာ စီးဆင်းလာသော ချောင်းရေအလျင်တွင် ဒိုက်သရောတို့ မျောလွင့်သကဲ့သို့။

ထူးပိန်းပိတ်နေသော တိမ်ပင်လယ်မှာ နေမင်း၏ရှေ့ဝယ် မာန်စွယ်ချိုးခံရသည့် သို့ပန်းများပမာ ရန်စွယ်ကို ဘေးချိတ်၍ မာန်ချကာ လက်နက်စွန့်ကုန်၏။

ထိုမှစ၍ ထက်ဝဋ္ဌာတစ်ခွင်သည် ကြည်လင်သော မိုးပြာရောင် ခြယ်မှုန်းထားသည့် ပိတ်ကားတစ်ချပ်အဖြစ် ပြောင်းသွားခဲ့သည်။

"အား ... အား ... ကယ် ... ကယ်ကြပါဦး"

ကြည်ပြာရောင် ကောင်းကင်ယံထက်မှ သေးငယ်သော အရာဝတ္ထုတစ်ခုသည် အရှိန်ပြင်းစွာ ကျဆင်းလာသည်။ ထိုအရာသည် သက်မဲ့မဖြစ်တန်ရာ။ အဘယ်ကြောင့်ဆိုသော် အာမေဋိတ် သံမျိုးစုံကိုရွတ်၍ "ကယ်ကြပါ" ဟူသော စကားသံမှာ ပဲ့တင်ထပ်နေသည်။ ကြည်လင်သော ကန်ရေပြင်

ကျယ်တွင် ကူးခပ်နေသော ဖားပမာ ခြေကားယား လက်ကားယားနှင့် အကူအညီမဲ့နေသည့်ဟန်ဖြင့်။

"ဝုန်း ... ဘုတ်"

ပီပြင်စွာ မြင်ရသောအခါ ထိုအရာမှာ လူသတ္တဝါ။

"အ ... ကွဲ ... ကွဲ ပြီထင်တယ်"

သူသည် မာကျောသော အရာဝတ္ထုပေါ်သို့ကျလာပြီး သူ၏ခွကြားကို လက်ဖြင့်အုပ်ကာ ရှုံ့မဲ့မဲ့ မျက်နှာထားနှင့် တီးတိုး ရေရွတ်လိုက်၏။

"ဟူး ... တော်သေးတယ် ငါမသေဘူး၊ ရဟတ်စီးရသလို ရင်ထဲကို အေးနေတာပဲ ဘယ်လိုဖြစ်ပြီး ငါက မိုးပေါ်က ကျလာတာတုန်း"

ပြောပြောဆိုဆိုနှင့် အောက်သို့ လျင်မြန်စွာ ငုံ့ကြည့်လိုက်သည်။ ပြီးနောက် ခပ်ဖွဖွ သက်ပြင်းတစ်ချက် မှုတ်ထုတ်၍ ...

"ဟူး ... ငါ့ကောင်လည်း ဘာမှမဖြစ်ဘူး ငါလည်းမသေဘူး ဟီးဟီး ငါ့ကောင်သာ တစ်ခုခုဖြစ်သွားရင် ငါတော့ လူဖြစ်ရှုံးပြီ"

နာကျင်မှုကို မေ့ဖျောက်၍ သူ၏အသက်မသေသည်ကို ဝမ်းသာအားရဖြစ်နေ၏။ အသက် (၂၅)အထိ အိမ်ထောင်မရှိသော သူသည် သူ၏အသုံးမဝင်သောကောင်ကို ဦးစွာ ဂရုစိုက်နေသေးသည်။ လူဖြစ်ရှုံးမခံနိုင်သည့်ပုံ။

သူကျလာသောနေရာ၏ ပေ(၁၀၀) ပတ်လည်သည် ကွဲအက် ကျိုးပျက်လျက် ကြီးမားလှသော တွင်းချိုင့်ကြီးပင် ဖြစ်သွားသည်ကို သူ သတိပြုမိလိုက်သည်။ ထိုဝန်းကျင်ရှိ သစ်ပင်ပန်းမန်တို့မှာလည်း ကျိုးပဲ့ပြိုလဲလျက်။

"ဟမ် သစ်တောကြီးလား ..."

မှန်၏။ သူ ရုတ်တရက်ကျဆင်းလာသော နေရာမှာ တောင်ထွတ်ဖျားတစ်ခု၏ တောအုပ်ကြီးအတွင်း ဖြစ်သည်။ တောင်ထွတ်ဖျားဟု ဆိုသော်ငြား ကျ

ဥ္းမြောင်းနေသည် မဟုတ်။ အနည်းဆုံး ပေပေါင်းထောင်ကျော် ကျယ်မည်ဟု သူ ခန့်မှန်းမိသည်။

"အ ... ကျွတ် ... ကျွတ် ...၊ ခုမှ နည်းနည်း နာလာသလိုပဲ၊ အရိုးတွေများ ကျိုးကုန်တာလား၊ ပြီးတော့ ... "

စကားကို ဆက်၍ ညည်းတွားမနေတော့ဘဲ အားယူကာ ထလိုက်၏။ ပြီးနောက် ပတ်ဝန်းကျင်တစ်ဝိုက်ကို ဆက်လက် အကဲခတ်နေသည်။

သူကျလာအရှိန်ကြောင့် ဖြစ်သွားသော တွင်းချိုင့်ကြီးနှင့် ကျိုးပဲ့နေသော သစ်ပင်တို့ကိုကြည့်ရင်း အံ့သြနေသည်။ သည်အရှိန်ဖြင့်ကျ၍ သည်မျှ ကျိုးပျက်ကုန်သော ဝန်းကျင်ကို ဖြစ်စေခဲ့သော်လည်း သူမသေခဲ့သည့် အပြင် ပွန်းပဲ့ရာပင်မထင်၍ ဖြစ်၏။

"ထူးဆန်းတယ် ...၊ ပြီးတော့ ငါကဘာလို့ ဒီကိုရောက်နေတာလဲ၊ ငါ နောက်ဆုံး မှတ်မိတာ ...၊ လက်စွပ် ... ဟုတ်တယ် လက်စွပ်ကို စွပ်မိလိုက်တာ၊ ဟင် ... ဟိုအဘိုးကြီးရော ဘယ်ရောက်သွားတာလဲ"

တစ်ဦးတည်းပြောနေမိရင်း သူ၏လက်ကို သေချာစွာ ကြည့်လိုက်သည်။ သူ၏ ညာဘက် လက်ညှိုးတွင် ညိုမှိုင်းမှိုင်းအရောင်၊ ၃စင်တီမီတာအထူနှင့် ၉စင်တီမီတာပြက်ရှိသော လက်စွပ်လေး တစ်ကွင်းမှာ စွပ်လျက်သား ရှိနေ၏။

"ဒါဆို ... ဒါက"

ဆက်လက်၍ အသံထွက်ရန်ပင် ခွန်အားမဲ့သွား၏။ သည်လက်စွပ်လေး ရခဲ့ပုံကို သာတွေးမိလိုက်သည်။ အရှိန်ပြင်းစွာ ကျ၍ မနာကျင် မတုန်လှုပ်ခဲ့သော်လည်း ယခုအခါမှာတော့ သူ၏တစ်ကိုယ်လုံးတွင် ဇောချွေးတို့ တွဲလွဲခိုနေပြီ။

"ငါတကယ် သေသွားတာလား"

ဆက်၍ မတွေးရဲတော့။ လက်စွပ်လေးကို ဆွဲချွတ်ရန် ပြင်လိုက်၏။

"ချွင်" ဆည်းလည်းများ ရိုက်ခတ်သံကဲ့သို့ နာပျော်ဖွယ်အသံတစ်ခု ထွက်ပေါ်လာသည်။ လက်ခနဲ လင်းလက်လာသော ရွှေဝါရောင် အလင်းလုံးလေးသည် လက်စွပ်မှ ထွက်ပေါ်လာကာ သူ၏နဖူးအတွင်းသို့ ဝင်ရောက်သွားပြီး လက်စွပ်ကို မဝတ်ခင်အချိန်က ပုံရိပ်တို့မှာ သူ့အတွေးထဲတွင် ပီပီသသ ပေါ်လာခဲ့သည်။

သူသည် မထင်မရှား online author တစ်ဦးဖြစ်ပြီး သူ၏ကလောင်မှာ "မှော်သိခ်" ဖြစ်သည်။ အောင်မြင်သော စာရေးဆရာ ဖြစ်ချင်သည်မှာ သူ၏ဆန္ဒဖြစ်ပြီး ဂမ္ဘီရနှင့် သဘာဝလွန်ဖြစ်ရပ်များ အကြောင်းကို လွန်စွာ စိတ်ဝင်စားသူဖြစ်သည်။ ဘာသာရေးကိုလည်း အားသန်သလို မှော်ပညာနှင့်လောကီပညာတို့ကို လေ့လာဆည်းပူးတတ်သူလည်း ဖြစ်သည်။ ထို့အပြင် ရူးကြောင်ကြောင်နိုင်သည်။ သူ့အတွေးနှင့် သူ့လုပ်ရပ်တို့မှာ ဗရုတ်သုတ်ခနိုင်ပြီး ပျော်ပျော်နေတတ်သူလည်း ဖြစ်၏။ လွတ်လပ်စွာ တွေးခေါ် လုပ်ကိုင်တတ်ကာ ရှုတ်နောက်နောက်လည်း နေတတ်သူဖြစ်သည်။

သူ့ဘဝတွင် အားကျဆုံးသောသူမှာ လက်တွေ့မရှိသော ဟယ်ရီပေါ်တာနှင့် သက်ရှိထင်ရှား ဘဝဖြင့် ကျော်ကြားခဲ့သော ဆရာကြီးမင်းသိခ်ဖြစ်သည်။

ဤအဖြစ်ပျက်များ ဘာကြောင့်ဖြစ်ခဲ့သည်ကို ရေရေရာရာ စဥ်းစား၍မရ။ သူသိသည်မှာ "အနတ္တသိဒ္ဓိ" အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ကို ရေးနေရင်း ဇာတ်ပေါင်းခန်းကို လက်စသတ်နေချိန် ဖြစ်သည်။

ထိုအချိန်မှ သူ၏ဇာတ်ကို သူ အားမလိုအားမရ ဖြစ်နေသေးသောကြောင့်

မည်သည့်နေရာ ပြင်ရမည်ကို စဥ်းစားမရ၍ စိတ်မောလူပန်း ဖြစ်နေခဲ့သည်။ ထို့နောက် စိတ်အမောပြေစေခြင်းငှာ ရွာဦးဘုရားသို့ ထွက်လာသည်။

ရွာဦးဘုရားသို့ရောက်သောအခါ ဆည်းလည်းသံ တချွင်ချွင်နှင့် ကျလိကျလီအော်သံဖြင့် ပျော်ပါးနေသော စာကလေးများကို တွေ့ရသည်။ ဘုရားဝန်းသည် တရုတ်စကားပန်းပင်များ၊ မန်ကျည်းပင်နှင့် ကျွန်းပင်၊ အင်ပင်များ ထူထပ်စွာ ပေါက်ရောက်သော တောအုပ်အတွင်းတွင် ရှိသဖြင့် အရိပ်အာဝါသကောင်း၏။

ကျေးငှက်သံ၊ လေအဝှေ့တွင် တဖျောက်ဖျောက်ကြွေကျလာသော ရွက်ခြောက်ကြွေသံတို့မှာ ဘဝင်အေးစေသော တေးတစ်ပုဒ်အဖြစ် သူ့နားဝသို့ စည်းချက်ညီညီ ရိုက်ခတ်နေသောကြောင့် ညစ်ညူးနေသော စိတ်အစဥ်မှာ ပြေလျော့လာ၏။ သဘာဝ၏ တေးသွားကို ခံစားပြီးနောက် ဘုရားရှေ့ဝယ် ဝပ်တွားစွာ ထိုင်လိုက်ပြီး ဦးချကန်တော့လိုက်၏။

ပြီးနောက် နှုတ်တက်ရသမျှသော ဘုရားကန်တော့ချိုး၊ ဂုဏ်တော်များနှင့် မေတ္တာသုတ် ပရိတ်တော်၊ ပရိမိတ္တဇာလသုတ်တော်တို့ ရွတ်ဖတ်ကာ ပူဇော်ကန်တော့လိုက်သည်။

အသင့်ပါလာသော စိပ်ပုတီးကို ထုတ်၍ ဂုဏ်တော်ဖြင့် ပုတီးစိပ်နေလိုက်သည်။ ဤနည်းသည် သူအကြိုက်ဆုံး စိတ်ကို သန့်စင်နည်းဖြစ်သည်။

သူ ပုတီးစိပ်ပြီး၍ နောက်သို့လှည့်သောအခါ အဝတ်စား ခပ်နွမ်းနွမ်း၊ မုတ်ဆိတ် ဗရပွနှင့် အဘိုးကြီးတစ်ဦး တွေ့လိုက်ရသည်။ သူ့အနားသို့ ဘယ်အချိန်က ရောက်နေသည်ကို သူမသိ။

"ဟေး ... ကောင်လေး ရော့ မင်းနဲ့ဆိုင်တဲ့ပစ္စည်း"

"အမ် ... ကျွန်တော့်ပစ္စည်း"

သူနှင့်မသိသော အဘိုးကြီးမှ စကားစဆိုလာပြီးနောက် သူ့အား ညှိုးမှိုင်းမှိုင်း လက်စွပ်လေး တစ်ကွင်းကို ကမ်းပေးနေသည့်အတွက် မော်သိန်ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဟုတ်တယ် မင်းပစ္စည်း လာပေးတာ၊ အချိန်မရှိဘူး ယူလိုက်ကွ မြန်မြန်"

"ဟေး ဘကြီး ဘာလားဗျ၊ ကျုပ်ဟာမှမဟုတ်တာ၊ ဘာတွေ လာပြောနေတာတုန်း၊ အချိန်မရှိ ပြန်ဗျာ စိတ်ညစ်လို့ ဘုရားလာပါတယ်ဆိုမှ"

အဘိုးကြီးမှ စိတ်လောစွာ စောဒကတက်နေသော်လည်း မော်သိန်မှာ ဘောက်ဆတ်ဆတ်သာ ပြန်ပြောပြီး ပုတီးကို လည်ပင်းစွပ်လိုက်၏။

ပြီးနောက် ထိုရှုးကြောင်ကြောင် အဘိုးကြီးကို စကားဆက်မပြောတော့ဘဲ လှည့်ပြန်ရန် ပြင်လိုက်၏။

စိတ်တွင်း၌လည်း "တောက် ... ဂေါက်ကြောင်အဘိုးကြီး တန်ခိုးရှင်လိုလို ဝိဇ္ဇာလိုလို ဂိုက်လာဖမ်းနေတယ်" တွေးကာ လှည့်ပြန်လိုက်၏။

"ဟေး ... လူငယ်လေး မင်းဝတ္ထုရဲ့အဖြေက ဒီလက်စွပ်မှာ ရှိတယ်ကွ"

မော်သိန်မှာ ဂရုမစိုက်သော်လည်း အဘိုးကြီး ဆက်ပြောလာသော စကားကြောင့် အနည်းငယ် စိတ်ဝင်စားသွား၏။

"ဒီအဘိုကြီးက ငါ့ဝတ္ထုအတွက် စိတ်ညစ်နေတာကို သိတာလား ...၊ ဒါမှမဟုတ် တကယ်ပဲ ဝိဇ္ဇာတစ်ယောက်လား"

တစ်ကိုယ်ကြား တီးတိုးပြောလိုက်ပြီး ဆရာကြီးမင်းသိန်အကြောင်း တွေးမိသွား၏။ ဆရာကြီးမင်းသိန် အဖြစ် မအောင်မြင်ခင် အချိန်က သူ့ထံသို့ ရဟန်းတစ်ပါး ကြွလာပြီး အလှူခံသည်။ သူ့တွင် လှူရန်မရှိသည့်အတွက် ဘောပင်လေးကိုလှူလိုက်ရာ ရဟန်းမှ အလှူခံပြီးနောက် ပြန်စွန့်

ခဲ့သည်။ ထိုနောက် သည့်ဘောပင်နဲ့ စာရေးပါ အောင်မြင်ပါလိမ့်မည်ဟု မိန့်ကာ ပြန်ကြွသွား၏။ ထိုအချိန်မှစ၍ မင်းသိမ်ဟု အောင်မြင်လာသည်ဟူသော သူဖတ်ဖူးသည့်စာကို သွား၍ သတိရပြီး အဘိုးကြီးရှေ့ ပြန်လာခဲ့၏။

"ဟီးဟီး ငါလည်း အဲဒီလိုများဖြစ်ပြီး၊ အစွမ်းထက်လက်စွပ်ရပြီး အောင်မြင်လာမလား" တွေးကာ ...။

"ဘကြီး ဒီဟာက တကယ်ပဲ ကျွန်တော့်ဝတ္ထုကို အောင်မြင်စေမှာလား"

"ဒါပေါ့ကွာ ... ရော့ ယူသာယူထားလိုက်"

လက်စွပ်လေးကို သူ့လက်ထဲသို့ လာထည့်ပေး၏။

"ဘုန်း"

"အမလေး သေပါပြီဗျာ လေးလိုက်တာ၊ ဘကြီးဟာက လက်စွပ်လား ဝိတ်တုံးလား မသဲကွဲဘူး မှောက်တောင်လဲတယ်၊ မေးမကွဲတာ ကံကောင်း"

"ဟား ... ဟား ...၊ မင်းက စိတ်မရှည်ကောင်မို့ ငါလည်း ဝတ်နည်းမပြောပဲ ပေးလိုက်တာလေကွ"

အဘိုးကြီးမှာလည်း ယခင်ကကဲ့သို့ တည်ကြည်နေသောရုပ် မဟုတ်ဘဲ ပြုံးစစမျက်နှာထားဖြင့် ပြန်ပြောလာ၏။

"ထားပါ ... ကျွန်တော့်ဟာ ဟုတ်မဟုတ်က ထားဦး ဒီလက်စွပ်သာဝတ်ရင် ကျွန်တော့်လက် ပြတ်မှာပေါ့ဗျ၊ ခုတောင် ပြန်ထမရဘူး မ မနိုင်လို့"

မှန်ပေသည်။ အသားလတ်လတ်၊ အရပ်ရှည်ရှည် ပိန်သွယ်သွယ် ငါးဖောင်ရိုးခြောက် မော်သိမ်မှာ လက်စွပ်ပိနေပြီဖြစ်သည်။ ဝမ်းလျားမှောက်ကျသည့်အနေထားမှ ပြန်၍ မထနိုင်သေးပေ။

"ဟားဟား ... မင်းရဲ့ညာလက်ညှိုးကို လက်စွပ်ထဲ ထည့်ဝတ်လိုက်၊ ပြီးရင်

အနတ္တာသိဒ္ဓိ ရရှိဖို့ အဖြေသိအောင် ငါကြိုးပါမည်လို့ အဓိဋ္ဌာန်လိုက်"

"အမ် ... ဟုတ်"

အဘိုးကြီးစကားဆုံးသည်နှင့် လက်စွပ်ကို အဘိုးကြီးပြောသည့်နည်းဖြင့် ဝတ်လိုက်ရာ မိုက်ခနဲ ဖြစ်ကာ ခေါင်းတစ်ခုလုံး ကိုက်ခဲလာပြီး သတိလစ်ချင်သလို ဖြစ်လာ၏။ မျက်လုံးတို့သည်လည်း ဝေဝါးလာကာ အနီးရှိ အဘိုးကြီးကိုပင် သေချာ မမြင်ရတော့ပေ။

ထိုစဥ် ...။

"ကဲကောင်လေး အချိန်ကျရင် ငါတို့ပြန်တွေ့မယ်"

ဟူသော စကားသံကိုသာ ပြတ်ပြတ်သားသား ကြားလိုက်ရပြီး သတိလစ်သွားခဲ့သည်။

"ချွင်"

"ဟင် ငါ ဒီလက်စွပ်ဝတ်ပြီး သတိလစ်သွားတာပေါ့"

လက်စွပ်ချွတ်ရန်ပြင်နေသော မော်သိမ်တစ်ယောက် သတိပြန်ဝင်လာသည်။ သို့သော် လက်စွပ်မှာ ချွတ်၍မရ။ သူ သတိရပြီးနောက် ဉာဏ်ထွက်သမျှ စဥ်းစားပြီး ချွတ်နေသည်မှာ တောင်ထိပ်ပေါ် ပြုတ်ကျပြီး ကတည်းကဆိုလျှင် ငါးနာရီခန့်ရှိပြီ။ နေဝန်းသည်လည်း အနောက်ဘက်ခေါင်းပြုနေ၏။ နေ့လယ်အချိန်ကျော်ပြီ ထင်၏။

သူ ဘယ်နည်းနှင့်မှ ချွတ်မရသည့်အဆုံးတွင် လက်မှိုင်ချကာ သစ်ပင်ကြီးတစ်ပင်ဘေးတွင် စိတ်ပျက်စွာ ထိုင်ချလိုက်သည်။

"အမေ့ရေ ကယ်ပါဦးဗျို့ သားဖတ်ဖူးတဲ့ chinese manhua၊ korea manhwa၊ japan manga တွေထဲကလို အချိန် ခရီးသွားတာလား"

သူ၏ ခေါင်းကိုတွင်တွင်ကုတ်၍ ကျယ်လောင်စွာ အော်လိုက်၏။

"အား ... ဒါမှမဟုတ် ငါတကယ် သေသွားတာလား၊ ဟိုသောက်အဘိုးကြီး ပြန်တွေ့ရင် သေပြီသာမှတ်"

မော်သိခ်၏အော်သံမှာ တောအထပ်ထပ် တောင်သွယ်သွယ်မှသည် စကြဝဠာ တံတိုင်းသို့ ပြေးဆောင့်သည်ဟုပင် ထင်ရ၏။ ပဲ့တင်သံတို့မှာ တစ်မိနစ်ခန့် မြည်ဟည်းသွားတော့သည်။

"အမလေး သရဲလား"

သူမှီနေသော အပင်ပေါ်သို့ လျင်မြန်စွာ ဖက်တက်သွား၏။ ပြီးနောက် စပ်ဖြီးဖြီးဖြင့် ...

"ဟားဟား ... ဟုတ်သားပဲ ငါတောထဲ ရောက်နေတာပဲဟာ ပဲ့တင်ထပ်မှာပေါ့၊ သတ္တိကောင်းလိုက်တဲ့ငါ၊ ဒါပေမဲ့ ငါသေသွားတာဆိုလည်း သရဲတွေကြား ရှက်စရာကြီးကွာ၊ ယမမင်း ကမေးရင် လက်စွပ်ပိသေတာပါလို့ ပြောရမှာလား ရှက်ဖို့ကောင်းလိုက်တာ ...၊ ဒီလက်စွပ် သေးသေးလေးက ပိသောတစ်ရာကျော်လောက်တယ် ဘာလက်စွပ်မို့လဲကွာ၊ ဝတ်ပြီးမှပေ့ါသွားတာ၊ အခုတော့ ငါ့မှာသေတာလား၊ အချိန်ခရီးသွားတာလား၊ တရုတ်နိုဘယ်တွေထဲကလို ကျင့်ကြံသူတွေရဲ့ အခြားကမ္ဘာများ ရောက်နေတာလား ...၊ ဟီးဟီး အဲဒီလို ဆိုရင်တောင် ငါတရုတ်မချောချောလေးတွေ တွေ့ရဦးမှာပဲ မဆိုးဘူး ... ဓားပျံကြီးစီးပြီး ငါလည်း နတ်ဘုရားဖြစ်အောင် ကျင့်ကြံလိုက်မယ်လေ၊ အဲဒီလိုမဟုတ်ဘဲ အသူရကာယ်ဘုံ ရောက်နေရင်ရော ညကျမလွယ်ဘူး၊ နေ့စံညခံတဲ့ အီးဟီး"

ပေါချာချာ တွေးနေလိုက်ပြီး အပင်ပေါ်က ပြန်မဆင်းတတ်တော့။ သူ့ပဲ့တင်သံ သူကြောက်ပြီး တက်ပြေးရာ ပြောင်ချောနေသော အပင်ပေါ်သို့ တစ်မိနစ်အတွင်း သူဘယ်လို တက်လာမိသည်ကို မသိသော်လည်း ပြန်ဆင်းဖို့ရာ ခက်နေ၏။

"ခုညတော့ ဒီအပင်ပေါ်ပဲ နေတော့မယ်၊ လူသွားလူလာ ရှိပါစေ ဘုရား၊ အပင်ပေါ်ကနေ အောက်ချပေးမယ့်သူ ရှိပါစေဘုရား"

သူ့အတွေးထဲမှ အကြိမ်ကြိမ် ဆုတောင်းနေရင်း အကိုင်းကြီးကြီးရှိရာသို့ ဆက်တက်သွားကာ ထိုင်နေလိုက်သည်။ အကိုင်းမှာ ဗိုက်ဘက်တွင်ပြဲနေပြီး ဗိုက်သားတို့လည်း ပွန်းနေ၏။

"အ ... စပ်ဖျဉ်းဖျဉ်းနဲ့ နာလိုက်တာဟ"

အကိုင်းပေါ်ခွ၍ အပင်ကြီးကို ဖက်ထားလိုက်သည်။ ကောင်းကင်က ဘယ်လို ပြုတ်ကျလာမှန်း မသိ၍ မနာ၊ မသေသော်လည်း၊ အပင်ပေါ်က ပြုတ်ကျလျှင် ကျိုးမကျိုးကို မသိသောကြောင့် ခုန်လည်းမချရဲသလို၊ ပြုတ်ကျမည်ကိုလည်း ကြောက်၏။

အပင်ကြီးကို ဖက်ထားရင်း ထပ်၍ အော်ပြောလိုက်သည်။

"အနီးနားလူရှိရင် လာကယ်ကြပါဗျို့ ဘယ်ကမ္ဘာမှန်းမသိလို့ တွေ့ရာနတ်ဘုရား လာကယ်ကြပါဗျို့"

(ဆက်ရန်)

***